ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်

**ညွှန်ကြားချက်အမှတ် ( ၂/၂၀၁၆ )**

အကြောင်းအရာ။ **ညွှန်ကြားချက်အမှတ် (၁၃/၂၀၁၂) နှင့် ညွှန်ကြားချက်အမှတ် (အက်ဖ်အီးအမ်ဒီ-၁၅/၂၀၁၂) တို့အား ဖြေလျှော့ခြင်းကိစ္စ**

၁။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရ ပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ဘဏ်များက နိုင်ငံခြားသုံးငွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၄.၇.၂၀၁၂) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁၃/၂၀၁၂ နှင့် (၈.၁၁.၂၀၁၂) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (အက်ဖ်အီးအမ်ဒီ-၁၅/၂၀၁၂) တို့ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ညွှန်ကြားချက်အမှတ် ၁၃/၂၀၁၂ ၏ စာပိုဒ် ၄(ဃ) တွင် ဖော်ပြထားသော နိုင်ငံခြားသံရုံးများ၊ သံတမန်အဖွဲ့ဝင်ပုဂ္ဂိုလ်များ၏ နိုင်ငံခြားငွေဖြင့် စာရင်းရှင်အပ်ငွေစာရင်းများအား နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ခြင်းအား ကန့်သတ်ထားခြင်းအပေါ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၏ (၁၁.၁၂.၂၀၁၂) ရက်စွဲပါစာအမှတ်၊ အက်ဖ်အီး-၆/ရက/၄၀၆ ဖြင့် ဖြေလျှော့ခဲ့ပြီးဖြစ်ပါသည်။

၃။ ထို့အပြင် နိုင်ငံခြားသုံးငွေလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် အောင်မြင်စေရန်နှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၃၀.၉.၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်း၏ စာပိုဒ်(၁၀) တွင်

၁၀။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိ သူသည် ပြည်တွင်း၌နေထိုင်သူ၏ ပြည်တွင်းနိုင်ငံခြားငွေ ဘဏ်စာရင်းများကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ပေးနိုင်သည် -

(က) တရားဝင်ရရှိထားသည့် နိုင်ငံခြားငွေများ သို့မဟုတ် ခွင့်ပြုနိုင်သော လွှဲပြောင်းပေးချေမှုများအရရရှိသည့် ကျပ်ငွေများအား ရောင်းချလဲလှယ်ရရှိထားသည့် နိုင်ငံခြားငွေများဖြင့်သာ ဘဏ်စာရင်းသို့ မြီရှင်ပြုထည့်သွင်းရမည်၊

(ခ) အဆိုပါဘဏ်စာရင်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များအရ လည်းကောင်း၊ ဤစည်းမျဉ်းအရ လည်းကောင်း ပြည်တွင်းပေးချေမှုများအတွက် ကျပ်ငွေဖြင့်လဲလှယ်ခြင်း

နှင့် ခွင့်ပြုနိုင်သော လွှဲပြောင်းပေးချေမှုများနှင့်အညီ ပြည်ပနေထိုင်သူ ထံသို့ ငွေပေးချေမှုများအတွက်သာ မြီစားပြုရမည်။

ဟု ဖော်ပြထားရာ ပြည်တွင်းနေထိုင်သူ၏ နိုင်ငံခြားငွေဘဏ်စာရင်းကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသည့်ဘဏ်များတွင် ဖွင့်လှစ်နိုင်ကြောင်း ပြဋ္ဌာန်းထား ပါသည်။

၄။ သို့ဖြစ်ပါ၍ ညွှန်ကြားချက်အမှတ်၊ ၁၃/၂၀၁၂ ၏ စာပိုဒ် ၄(က)၊ (ခ)၊ (ဂ) နှင့် စာပိုဒ် ၅ တို့တွင် ဖော်ပြထားသော အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက အစုရှယ်ယာပါသော ဖက်စပ်အဖွဲ့အစည်းများ၏ နိုင်ငံခြားငွေဖြင့် စာရင်းရှင်အပ်ငွေစာရင်းများအား နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ ပုဂ္ဂလိကဘဏ်များနှင့် Semi Government ဘဏ်များတွင် ဖွင့်လှစ်ခွင့်မပြုဘဲ ကန့်သတ်ထားခြင်းနှင့် ညွှန်ကြားချက်အမှတ် (အက်ဖ်အီးအမ်ဒီ-၁၅/၂၀၁၂) ၏နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ နိုင်ငံခြားငွေနှင့်ပတ်သက်၍ တိုက်ရိုက်တင်ပြခွင့်ပြုချက်ရယူရမည့် လုပ်ငန်းများအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းတို့တွင် ပြဋ္ဌာန်းချက်များနှင့်အညီ ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စာရင်းဖွင့်လှစ်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့် အညီသာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသည့် ဘဏ်များအနေဖြင့် ပြည်တွင်းနေထိုင်သူ၏ ပြည်တွင်းနိုင်ငံခြားငွေဘဏ်စာရင်းများအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်း အခန်း(၃)၊ စာပိုဒ်(၁၀) တွင် ပြဋ္ဌာန်းထားချက်အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
( ဆက်အောင်၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင် (Authorized Dealer Licence) ရ ဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးလက်ခံ
မျှောစာတွဲ